Website: https://www.panasonic.com

Panasonic Corporation

© Panasonic Corporation 2022


P0822-0

Panasonic

# အသုံးပြုပုံလမ်းညွှန်

## (အိမ်သုံးသီးသန့်) ရေငွေ့မီးပူ

Model No. NI-S630
NI-S530
NI-S430



NI-S630

**Warranty registration**

The warranty can be registered online. Please visit the website by scanning the QR code.

| Only Singapore | Only Malaysia |
| --- | --- |

i8200A-ōS43A

(MM) Myanmar

Panasonic

Myanmar

# အသုံးပြုပုံလမ်းညွှန်
## (အိမ်သုံးသီးသန့်) ရေငွေ့မီးပူ

Model No. NI-S630
NI-S530
NI-S430

## မာတိကာ


ဘေးကင်းရန်ကြိုတင်သတိပေးချက် ---- 04-09
အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း ---- 10
မီးပူတိုက်ခြင်းနည်းလမ်းကောင်းများ ---- 11
မီးပူတစ်ခုအားအသုံးပြုပုံ ---- 11-12
ရေငွေ့/အခြောက် ရွေးချယ်ပုံ ---- 13
အပူပြင်းပြင်းအသုံးပြုပုံ ---- 13
ဒေါင်လိုက်အသုံးပြုပုံ ---- 14
ရေဖျန်းအသုံးပြုပုံ ---- 14
အီလက်ထရောနစ် အလိုအလျောက်ဖြတ်တောက်စနစ် ၃ ခု (NI-S630 အတွက်သာ) ---- 14
မီးပူအားသိမ်းဆည်းထားသိုဂရုစိုက်နည်း ---- 15-16
အမေး၊ အဖြေ ---- 16
ချို့ယွင်းမှုအဖြေရှာခြင်း ---- 17
သတ်မှတ်ချက်များ ---- 17


ဤမီးပူအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။
ကျေးဇူးပြု၍ ဤလမ်းညွှန်ချက်အပြည့်အစုံအား အသုံးမပြုမီ ဖတ်ပါ။ နောက်နောင်အသုံးပြုရာတွင် မှီငြမ်းနိုင်အောင် သိမ်းထားပါ။

## ဘေးကင်းရန်ကြိုတင်သတိပေးချက်

လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မီးကျွမ်းခြင်း၊ အသက်အန္တရာယ်ဖြစ်ခြင်း၊ အသုံးအဆောင်များ သို့မဟုတ် အဆောက်အဦများ ပျက်စီးခြင်းစသည့် ဆုံးရှုံးမှုများကို လျော့နည်းစေရန် အောက်ပါဘေးကင်းရန်ကြိုတင်သတိပေးချက်များကို အစဉ်တစ်စိုက်မှတ်သားလိုက်နာပါ။

### သင်္ကေတများအားရှင်းလင်းခြင်း

အောက်ပါသင်္ကေတများသည် ဖော်ပြချက်များအတိုင်းမဟုတ်ဘဲ မှားယွင်းစွာ အသုံးပြုမိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်ခြင်း၊ ဒဏ်ရာရခြင်းနှင့် စက်ပစ္စည်းပျက်စီးခြင်း အန္တရာယ်အနည်းအများကိုဖော်ပြသည်။

| | |
|---|---|
| ⚠ WARNING | ပြင်းထန်သောထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းကို ဖြစ်စေနိုင်သည့်အန္တရာယ်ကို ဖော်ပြသည်။ |
| ⚠ CAUTION | ထိခိုက်ဒဏ်ရာအသေးစား သို့မဟုတ် ပိုင်ဆိုင်သည့်အရာဝတ္ထုများကို ပျက်စီးစေနိုင်သည့်အန္တရာယ်ကို ဖော်ပြသည်။ |

အောက်ပါသင်္ကေတများသည် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်အမျိုးအစားတို့ကို ခွဲခြားဖော်ပြသည်။

| | |
|---|---|
| ⃠ | ဤသင်္ကေတသည် အသုံးပြုသူအား မလုပ်ဆောင်ရမည့်ရမည့်အကြောင်းအရာကို အချက်ပေးဖော်ပြသည်။ |
| ❗ | ဤသင်္ကေတသည် အသုံးပြုသူအား ဘေးကင်းစွာအသုံးပြုနိုင်ရန် လုပ်ဆောင်ရမည့်အကြောင်းအရာကို အချက်ပေးဖော်ပြသည်။ |

## ⚠ WARNING

ပါဝါကြိုး သို့မဟုတ် ပါဝါပလပ်ပေါက်ပျက်စီးနေပါက သို့မဟုတ် ပူနေပါက အသုံးမပြုပါနှင့်။
ပါဝါပလက်သည် ဆော့ကက်ပေါက်တွင် ချောင်ကျိကျိဖြစ်နေပါက လုံးဝအသုံးမပြုပါနှင့်။
- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

---

မီးပူအား ဆော့ကက်ပေါက်တွင် တပ်ဆင်ထားလျက် သတိမမူဘဲ ထားခဲ့ခြင်းမျိုး မပြုလုပ်ပါနှင့်။
- မီးလောင်နိုင်ပါသည်။

---

ရေစိုလက်ဖြင့် ဆော့ကက်ပေါက်မှ ပါဝါပလပ်ကို ဆွဲမဖြုတ်ပါနှင့်။
- လျှပ်စစ်ရှော့ခ် သို့မဟုတ် ထိခိုက်ဒဏ်ရာရနိုင်ပါသည်။

---

ပါဝါကြိုးကို မပျက်စီးပါစေနှင့်၊ မွမ်းမံခြင်းမပြုလုပ်ပါနှင့်၊ ကြမ်းတမ်းစွာမခေါက်ပါနှင့်၊ မဆွဲပါနှင့်၊ သို့မဟုတ် ပါဝါကြိုးကို မလိမ်ပါစေနှင့်။
ပါဝါကြိုးပေါ်တွင်လေးသောအရာဝတ္ထုကို မတင်ပါနှင့်။
- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

---

ပါဝါကြိုးကို ပူသောမီးပူမျက်နှာပြင်နှင့်မထိပါစေနှင့်။
- လျှပ်စစ်ရှော့ခ် သို့မဟုတ် ထိခိုက်ဒဏ်ရာရနိုင်ပါသည်။



## ⚠ WARNING

ပါဝါကြိုးကို စည်းလျက်သား အသုံးမပြုပါနှင့်။
- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

---

ရေစိုလက်ဖြင့် အသုံးမပြုပါနှင့်။
- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

---

မီးပူအား ကိုယ်တိုင် ပြုပြင်ခြင်း၊ ဖြုတ်တပ်ခြင်း၊ မွမ်းမံခြင်းတို့မပြုလုပ်ပါနှင့်။
- မီးပွားထွက်ခြင်း၊ သို့မဟုတ် ပုံမှန်မဟုတ်သော အခြေအနေကြောင့် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်စေနိုင်သည်။ တရားဝင်ပြုပြင်ရေးအေးဂျင့်ထံ ဆက်သွယ်ပါ။

---

မီးလောင်စေနိုင်သည့်အရာဝတ္ထုများ (ဘန်ဇင်းကဲ့သို့သောအရာများ) ရှိသောနေရာတွင် အသုံးမပြုပါနှင့်။
- မီးထလောင်ခြင်းဖြစ်စေနိုင်သည်။

---

မီးပူကိုသိမ်းဆည်းရာတွင် ပါဝါကြိုးကို ကိုယ်ထည်နှင့်ကပ်လျှက် မရစ်ပတ်ပါနှင့်။
- ပါဝါကြိုးအတွင်းမှ ဝါယာကြိုးမျှင်များပျက်စီးခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

---

မီးပူအား ရေ သို့မဟုတ် အခြားအရည်တစ်ခုခုအတွင်းသို့ မနစ်စေပါနှင့်။
- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

---

အောက်သို့ပြုတ်ကျပြီး ပျက်စီးသည့်သွင်ပြင်လက္ခဏာပြလျှင် သို့မဟုတ် ယိုစိမ့်နေလျှင် အသုံးမပြုပါနှင့်။
- တရားဝင်ဝန်ဆောင်မှုပေးသောပြင်ဆရာနှင့်ပြပါ။

---

ဆော့ကက်ပေါက် သို့မဟုတ် ဝါယာကြိုး၏ အဆင့်သတ်မှတ်ချက်ကျော်လွန်၍ အသုံးမပြုပါနှင့်။
- ဆော့ကက်ပေါက်တစ်ခုမှ ပလပ်များစွာ ထိုး၍အသုံးပြုခြင်းအားဖြင့် အဆင့်သတ်မှတ်ချက်ကျော်လွန်ပါက အပူလွန်ကဲပြီးမီးလောင်စေနိုင်ပါသည်။

---

မီးပူတွင်ဖော်ပြထားသော ဗို့အားနှင့်ကိုက်ညီသည့် လျှပ်စစ်မီးအားဖြင့် အသုံးပြုပါ။ ပါဝါပလပ်ကိုအဆုံးထိထိုးပါ။
- ထိုသို့မဟုတ်ပါက ဒဏ်ရာရခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်၊ သို့မဟုတ် မီးလောင်ခြင်း ဖြစ်စေနိုင်သည်။

---

ဖုန်မှုန့်များကပ်တွယ်ခြင်းမရှိစေရန် ပါဝါပလပ်ကိုပုံမှန်သန့်ရှင်းရေးလုပ်ပါ။
- ပါဝါပလပ်ကိုဖြုတ်ပြီး ခြောက်သွေ့သောအဝတ်စဖြင့် သုတ်ပါ။

---

ဆော့ကက်ပေါက်သီးသန့်ဖြင့်အသုံးပြုပါ။ မီးကြိုးရှည်ထပ်ဆင့်ဆွဲမသုံးပါနှင့်။
- ထိုသို့မဟုတ်ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် မီးလောင်ခြင်းဖြစ်စေနိုင်ပါသည်။

---

အားကြိုးပါသောဆော့ကက်ပေါက်ကိုအသုံးပြုရမည်။
- ထိုသို့မဟုတ်ပါက မီးလောင်ခြင်း သို့မဟုတ် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။

## ⚠ WARNING

ဤမီးပူကို (ကလေးများအပါအဝင်) ခန္ဓာကိုယ်ချို့တဲ့သူများ၊ အာရုံကြောနှင့် စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများ၊ သို့မဟုတ် အသုံးပြုရန် အတွေ့အကြုံနှင့်ဗဟုသုတမရှိသောသူများ၊ တာဝန်ရှိသူတစ်ဦးဦးမှ အသုံးပြုပုံကို သင်ပြထားခြင်း မရှိသူများ အသုံးပြုရန် မသင့်လျော်ပါ။

- သို့မဟုတ်ပါက မတော်တဆဒဏ်ရာရတတ်သည်။

---

အသုံးပြုနေစဉ်တစ်ခုခုချို့ယွင်းချက်ဖြစ်ပေါ်ပါက ချက်ချင်းရပ်၍ ပါဝါပလပ်ကိုဖြုတ်ပါ။

- ဆက်လက်အသုံးပြုပါက မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်စေနိုင်သည်။
  (ပုံမှန်မဟုတ်ခြင်းနှင့်ချို့ယွင်းချက်ဖြစ်ပေါ်ခြင်း)
- ပါဝါကြိုးပျက်စီးခြင်း (ပွန်းပဲ့ခြင်း သို့မဟုတ် အတွင်းပိုင်းဝါယာကြိုး ထွက်နေခြင်း)
- ကိုယ်ထည်၊ ပါဝါကြိုး၊ သို့မဟုတ် ပါဝါပလပ်သည် သာမန်မဟုတ်ဘဲ အပူလွန်ခြင်း၊ ပုံသဏ္ဍာန်ပျက်စီးခြင်း သို့မဟုတ် အရောင်လွင့်ပြယ်ခြင်းတို့ ဖြစ်ပေါ်သည်။
- ပါဝါကြိုးရွေ့လျားမိပါက မကြာခဏ ပါဝါမီးမလာတော့ခြင်း၊
- ပါဝါပလပ် သို့မဟုတ် ပါဝါကြိုးသည် မီးကျွမ်းရနံ့ထွက်လာခြင်း။

- တရားဝင်ကိုယ်စားလှယ်ဝန်ဆောင်မှုစင်တာတွင် ပြသစစ်ဆေး၍ ပြင်ပါ။

---

ပါဝါကြိုးပျက်စီးပါက အန္တရာယ်ကင်းစေရန် ထုတ်လုပ်သူ၊ ဝန်ဆောင်မှုစင်တာ၊ သို့မဟုတ် တတ်ကျွမ်းသူများထံမှ အသစ်ပြန်လည်လဲလည်ရမည်။

- ထိုသို့မဟုတ်ပါက မတော်တဆသို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်စေနိုင်သည်။

---

ပြား၍ညီညာသောမျက်နှာပြင်ပေါ်တွင် တင်ရမည်။ မီးပူအားထောင်လျက်သားထားပါက ထောင်ထားသောနေရာတွင် လှုပ်ရှားမှုမရှိစေဘဲ တည်ငြိမ်နေရမည်။

- မညီညာသောနေရာ သို့မဟုတ် လှုပ်နေသောနေရာတွင်ထားပါက မီးပူပြုတ်ကျနိုင်ပြီး ဖျာသို့မဟုတ် အခင်းပျက်စီးခြင်း၊ ဒဏ်ရာရခြင်း သို့မဟုတ် မီးလောင်ခြင်းဖြစ်စေနိုင်သည်။



## ⚠ CAUTION

မီးပူကို ပင်းများ၊ အပ်များထည့်သွင်းမိပြီး အသုံးမပြုပါနှင့်။ သို့မဟုတ် ချုပ်လက်စအဝတ်များ၊ အပ်ကျန်နေသော အဝတ်စများနှင့် အသုံးမပြုပါနှင့်။

- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် ထိခိုက်ဒဏ်ရာရစေနိုင်သည်။

---

မီးအပူပြားကို ခန္ဓာကိုယ် သို့မဟုတ် အခြားအရာဝတ္ထုများနှင့် နီးနီးကပ်ကပ် မထားပါနှင့်။ ရေနွေးပူများ ထွက်ကျဖိတ်စင်လာနိုင်ပါသည်။

- အနာ အမာရွတ်သို့မဟုတ် ဒဏ်ရာဖြစ်စေနိုင်သည်။

---

ချွင်းချက်ဖြစ်သောအဝတ်စများနှင့်အသုံးမပြုပါနှင့်။

- ပျက်စီးစေနိုင်ပါသည်။

---

မီးပူအေးသွားချိန်ထိစောင့်ဆိုင်းပြီးမှ သိမ်းဆည်းပါ။

- အပူလောင်၍အမာရွတ်ဖြစ်စေနိုင်ပါသည်။

---

ပါဝါကြိုး လိမ်လျက်သားဖြင့် မီးပူကို မသိမ်းဆည်းပါနှင့်။

- ပါဝါကြိုးအတွင်းမှ ဝါယာများ ပေါက်ထွက်နိုင်ပြီး အမာရွတ်၊ လျှပ်စစ်ရှော့ခ် သို့မဟုတ် လျှပ်စီးကြောင်းပြတ်တောက်မှုကြောင့် မီးလောင်စေနိုင်ပါသည်။

---

ရေသိုလှောင်အကန့်တွင် ရေမွှေး၊ အချဉ်ရည်၊ အခြားဓာတုပစ္စည်းများ မထည့်ပါနှင့်။ ရိုးရိုးရေ သို့မဟုတ် သန့်စင်ထားသည့်ရေကို ထည့်သွင်း အသုံးပြုပါ။

- ထိုသို့မဟုတ်ပါက အဝတ်များစွန်းထင်းခြင်း သို့မဟုတ် အရောင်လွင့်ခြင်းတို့ ဖြစ်စေနိုင်ပါသည်။

---

ဈေးကွက်တွင်းရောင်းချသော မီးပူအပိုပစ္စည်းများကို ဝယ်ယူအသုံးမပြုပါနှင့်။

- လုပ်ဆောင်ချက်ချွတ်ချော်ပြီး အဝတ်များပျက်စီးစေနိုင်ပါသည်။

---

အပူချိန်လွန်ကဲခြင်း သို့မဟုတ် စိုထိုင်းမှုဒဏ်မခံနိုင်သော နံရံ သို့မဟုတ် ပရိဘောဂများနှင့် နီးကပ်စွာအသုံးမပြုပါနှင့်။

- နံရံနှင့် ပရိဘောဂများကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။

---

ရေစိမ့်နိုင်သောလက်အိတ်များဝတ်ထားစဉ် ရေနွေးငွေ့ကို အသုံးမပြုပါနှင့်။

- အနာအမာရွတ်ဖြစ်စေနိုင်သည်။

---

ရေသိုလှောင်အကန့်တွင် ရေပူများမထည့်ပါနှင့်။

- ရေပူများစင်ထွက်ခြင်းကြောင့် အပူလောင်ပြီး အနာတရဖြစ်စေနိုင်သည်။

---

ရေလွှတ်ခလုတ်သည်အားပျော့နေပါက မနှိပ်မိပါစေနှင့်။

- ရေပူများယိုစိမ့်ခြင်းကြောင့် အပူလောင်စေနိုင်ပါသည်။

## ⚠ CAUTION

**ချွန်ထက်ပြတ်သားသည့် အရာများနှင့်ရောနှော၍ ပါဝါကြိုးကို မရစ်ပတ်ပါနှင့်။**
- ပါဝါကြိုးကို ပျက်စီးစေနိုင်ပါသည်။

**ရေလွှတ်ခလုတ်ကို လျင်မြန်စွာနှင့်ထပ်ခါထပ်ခါ မနှိပ်ပါနှင့်။**
- ၂စက္ကန့်ကြာစောင့်ဆိုင်းခြင်းမရှိဘဲနှိပ်မိပါက ရေပူယိုစိမ့်မှုကြောင့် အပူလောင်စေနိုင်သည်။

**အသုံးပြုနေစဉ် ရေနွေး သို့မဟုတ် ရေပူလွှတ်ခလုတ်ကို မထိမိပါစေနှင့်။**
- မီးပူတိုက်ခုံကိုအသုံးပြုပါက ၎င်းအတွင်းရေစိမ့်ဝင်နိုင်ပါသည်။ မိမိလက်၊ ခြေထောက် စသည်တို့ကို မီးပူတိုက်ခုံအောက်သို့ မထည့်ပါနှင့်။
- ရေနွေးပူကို လက်၊ ဒူးခေါင်း၊ သို့မဟုတ် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ချိန်ရွယ်ပြီး မလွှတ်ပါနှင့်။
- မီးပူနှင့်မီးပူတိုက်ခုံ တစ်ရံတခါကပ်ညှိနေပါက ရေပူလွှတ်ခလုတ်ကို အသုံးမပြုပါနှင့်။
- ကိုယ်ပေါ်ဝတ်ထားသောအဝတ်ကို မီးပူမတိုက်ပါနှင့်။

**မီးပူကို ကြမ်းကြမ်းတမ်းတမ်း သို့မဟုတ် တစ်စောင်းအနေအထား ရှေ့တိုးနောက်ဆုတ် မတိုက်ပါနှင့်။**
- ရေပူများထွက်ကျခြင်းကြောင့် အပူလောင်စေနိုင်သည်။

**အသုံးပြုနေစဉ် ရေပူငွေ့ကို မထိမိပါစေနှင့်။**
- ရေနွေးပူကို လက်၊ ဒူးခေါင်း၊ သို့မဟုတ် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ချိန်ရွယ်ပြီး မလွှတ်ပါနှင့်။
- ကိုယ်ပေါ်ဝတ်ထားသောအဝတ်ကို မီးပူမတိုက်ပါနှင့်။
- ထိုသို့ပြုမိပါက အမာရွတ်ကျန်ရစ်စေနိုင်ပါသည်။

**မီးပူတိုက်နေစဉ် ပူသောမျက်နှာပြင် (မီးပူမျက်နှာပြင်ကျယ်၊ မီးပူ၏အခြား အစိတ်အပိုင်းနှင့် ဘေးပတ်လည်ပူသောနေရာများ) ကို မထိမိပါစေနှင့်။**
- ထိုသို့ပြုမိပါက အမာရွတ်ကျန်ရစ်စေနိုင်ပါသည်။
- မိမိလက်၊ ခြေထောက် စသည်တို့ကို မီးပူတိုက်ခုံအောက်သို့ မထည့်ပါနှင့်။
- မီးပူကို လက်၊ ဒူး သို့မဟုတ် အခြားခန္ဓာကိုယ်အစိတ်အပိုင်းများပေါ် မတင်ပါနှင့်။
- မီးပူနှင့်မီးပူတိုက်ခုံ တစ်ရံတခါကပ်ညှိနေပါက ရေပူလွှတ်ခလုတ်ကို အသုံးမပြုပါနှင့်။

**ဖျာအခင်း သို့မဟုတ် ကြမ်းခင်းပေါ်တွင် မီးပူကို မတင်ပါနှင့်။**
- မီးပူ၊ ဖျာအခင်း သို့မဟုတ် ကြမ်းခင်းပျက်စီးစေနိုင်သည်။

**မီးပူ ပူနေဆဲ မအေးခင်အချိန် သို့မဟုတ် အပူချိန်ကို • , • • တွင်ထားထားပါက ရေနွေးငွေ့ချိန်ဆမှုကို ရေနွေးငွေ့လွှတ်စေသည့် နေရာတွင်မထားပါနှင့်။**
- အထိုသို့မဟုတ်ပါက မီးပူမှ ရေပူများယိုစိမ့်လာပါလိမ့်မည်။

▭ ရေနွေးငွေ့ချိန်ဆခြင်း

| အဝတ်စအမျိုးအစား | ထားမည့်အပူချိန် | ရေနွေးငွေ့ပမာဏ * |
|---|---|---|
| Cotton / Linen | ● ● ● ~ MAX | / |
| Wool | ● ● | (အခြောက်တိုက်) |
| Silk / Acrylic | ● | |

* ဤအမှတ်အသားများသည် နမူနာပြထားရုံသာဖြစ်ပြီး ပြောင်းလဲနိုင်ပါသည်။



## ⚠ CAUTION

**မီးပလပ်ကိုဖြုတ်ရာတွင် ပါဝါကြိုးမှကိုင်၍ဆွဲမဖြုတ်ပါနှင့်။ ပလပ်ခေါင်းမှ ကိုင်၍ဆွဲဖြုတ်ပါ။**
- ထိုသို့မဟုတ်ပါက ပါဝါကြိုးပျက်စီးနိုင်ပြီး မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ လျှပ်စီးကြောင်းပြတ်တောက်ခြင်းကြောင့် မီးလောင်ခြင်း ဖြစ်စေနိုင်သည်။

**အသုံးပြုရာတွင် ဂရုစိုက်ပြီးအသုံးပြုရမည်။**
- ရေနွေးငွေ့ထုတ်လွှတ်ရာတွင် အပူလောင်တတ်သည်။


**မီးပူတိုက်ရန် ရည်ရွယ်ထုတ်လုပ်သည့် အဝတ်စများအတွက်သာ အသုံးရမည်။**
- ထိုသို့မဟုတ်ပါက ထိခိုက်ဒဏ်ရာရတတ်သည်။


**အောက်ပါအဝတ်စအမျိုးအစားများကို မီးပူတိုက်ရာတွင် မသိသာသော နေရာ၊ သို့မဟုတ် မီးပူတိုက်မည့်အဝတ်စပေါ်တွင် မီးကျွမ်းအမှတ်မထင်ကျန် စေရန် အခြားအဝတ်စတစ်ခုခံ၍ စမ်းသပ်တိုက်ကြည့်ပါ။**
- ဈေးကြီးသောအဝတ်စ သို့မဟုတ် အထူးသဖြင့်ဂရုစိုက်ရမည့်အဝတ်စများ (ကတ္တီပါစ၊ အက်ခရီလစ်ချည်မျှင်၊ နိုင်လွန်၊ သားမွေးစ စသည်ဖြင့်)
- အပူခံနိုင်မှုနည်းသော၊ သို့မဟုတ် အပူအသင့်အတင့်ခံနိုင်သော သို့မဟုတ် အရောင်နက်မှောင်သောအဝတ်စများ
- ထိုသို့ပြုမိပါက အဝတ်စကိုပျက်စီးစေနိုင်ပါသည်။

**ရေသိုလှောင်ကန့်ထဲတွင် ရေမဖြည့်မီ ပလပ်ကို ဆော့ကက်ပေါက်မှ ဖြုတ်ထားရမည်။ ထို့အတူ အသုံးမပြုစဉ်၊ သန့်ရှင်းရေးလုပ်နေစဉ်၊ ရေများကိုဖယ်ထုတ်နေစဉ် ပါဝါပလပ်ကို ဖြုတ်ထားရမည်။**
- ထိုသို့မဟုတ်ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် လျှပ်စစ်ကြားခံ ပျက်စီးခြင်းကြောင့် လျှပ်စီးယိုစိမ့်မှုဖြစ်ပြီး မီးလောင်စေနိုင်ပါသည်။

**ရေစိုသောအဝတ်များကို မီးပူတိုက်ရာတွင် အခြောက်တိုက်စနစ်ကို အသုံးပြုပါ။**
- ထိုသို့မဟုတ်ပါက မီးပူကိုယ်ထည်မှ ရေပူများဖြာထွက်ခြင်းကြောင့် အမာရွတ်များဖြစ်စေနိုင်သည်။

## အစိတ်အပိုင်းများအကြောင်း ရှင်းပြခြင်း




- Ⓐ အပူချိန်လုပ်ဆောင်မှုပြမီး
- Ⓑ လက်ကိုင်
- Ⓒ အပူချိန်ရွေးချယ်ခြင်း
- Ⓓ ရေငွေ့လွှတ်ခလုတ်
- Ⓔ အငွေ့ဖြန်းခလုတ်
- Ⓕ အငွေ့/အခြောက်ရွေးချယ်ခြင်း
- Ⓖ ရေဖြည့်အပေါက်အဖုံး
- Ⓗ ဖြန်းပက်ပေါက်
- Ⓘ အမြင့်ဆုံးရေမှတ်
- Ⓙ အပူပြား
- Ⓚ အပူချိန်ရွေးချယ်သတ်မှတ်ခလုတ်
- Ⓛ ရေသိုလှောင်အကန့်
- Ⓜ ထောင်ထားရန်
- Ⓝ ပါဝါကြိုး
- Ⓞ ပါဝါပလပ် ※


※ ပလပ်ခေါင်းအမျိုးအစားသည် သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် အရပ်ဒေသပေါ်မူတည်၍ ပြောင်းလဲနိုင်သည်။



## မီးပူတိုက်ခြင်းနည်းလမ်းကောင်းများ

အပူချိန်ရွေးချယ်ရာတွင် စကားလုံး၊ အစက်အပြောက်များနှင့် ရေငွေ့အမှတ်အသားများ ပါရှိသည်။
အစက်အပြောက်များသည် အပူချိန်အနေအထား ၃ မျိုးကိုရည်ညွှန်းသည်။

| | |
|---|---|
| • | အပူချိန်နည်း |
| • • | အပူချိန်အလယ်အလတ် |
| • • • | အပူချိန်အမြင့် |





သင့်လျော်သောအပူချိန်ဖြင့် မီးပူတိုက်နိုင်ရန် အချို့အဝတ်စများတွင် ဤအစက်အပြောက်များနှင့်ဖော်ပြပေးထားသည်။ လိုအပ်ပါက အဝတ်စအကြမ်းကိုအသုံးပြုပါ။

> **မှတ်ချက်**
> - မီးပူပြား အပူချိန်ပြောင်းလဲမှုကို ဖော်ပြရန် အပူချိန်လုပ်ဆောင်မှုပြမီးသည် လင်းတစ်လှည့်မှိတ်တစ်လှည့်ဖြစ်နေပါမည်။
>   အပူချိန်ရွေးချယ်ရာတွင် အပူချိန်အမြင့်မှ အနိမ့်သို့ချလိုက်ပါက မီးလင်းသည်အထိစောင့်ပြီးမှ အသုံးပြုပါ။
> - အဝတ်စများပေါ်တွင်မီးပူကို အချိန်ကြာမြင့်သည်အထိ မတင်ထားပါနှင့်။ သို့မဟုတ် ခေါက်ပြီးသားအဝတ်များကို ပူနေသောမီးပူပေါ်တွင် မတင်ထားပါနှင့်။


## မီးပူတစ်ခုအား အသုံးပြုပုံ

1. ရေစိမ့်ထွက်ခြင်း မဖြစ်ရလေအောင် ရေငွေ့/အခြောက် ရွေးချယ်ခလုတ်ကို အခြောက်တွင်ထားပါ။



2. ရေငွေ့၊ ရေငွေ့လွှတ်၊ ဒေါင်လိုက်ရေငွေ့သို့မဟုတ် ဖြန်းပက်ကို အသုံးပြုပါက ရေသိုလှောင်အကန့်တွင် ရေကိုဖြည့်ထားပါ။

1) ရေဖြည့်ပေါက်အဖုံးကိုဖွင့်ပါ။
မီးပူကိုပုံတွင်ပြသည့်အတိုင်းကိုင်တွယ်ပြီး ရေကို MAX အထိဖြည့်ပါ။ (Taiwan:滿水)
(၃၀၀ မီလီခန့်)
ရေဖြည့်ရာတွင် သန့်စင်သောရေခွက်ကို အသုံးပြုပါ။





2) ရေအမှတ်ကို စစ်ဆေးရန် မီးပူကို ထောင်ထားပါ။

3) မီးပူတိုက်ရာတွင် ရေယိုစိမ့်မှုမဖြစ်စေရန် ရေဖြည့်ပေါက်အဖုံးကို သေချာပြန်ပိတ်ပါ။


> **မှတ်ချက်**
> ရေကိုလျှံထွက်နေအောင် မဖြည့်ပါနှင့်။ မီးပူကိုထောင်ထားသောအခါ လေထွက်ပေါက်မှ ရေငွေ့များ ထွက်နိုင်ပါသည်။

3. မီးပူကိုထောင်ထားပါက အပူချိန်ကို
**“0”** သုံ့ည အမှတ်တွင် ထားပါ။



(Taiwan)

4. ပါဝါပလပ်ကို ဆော့ကက်ပေါက်သို့ချိတ်ဆက်ပါ။



5. အပူချိန်ကို သတ်မှတ်ပါ။ အပူချိန်ပြောင်းလဲမှုပြမီး လင်းပါလိမ့်မည်။

စာမျက်နှာ ၁၃ တွင် ပါသော အစို/အခြောက်တိုက်ရွေးချယ်မှုလမ်းညွှန်ကို ကိုးကားပါ။


- ရေငွေ့အများကို အသုံးပြုပါက အပူချိန်ကို အမြင့်ဆုံးနေရာတွင်ထားပါ။

> မှတ်ချက်
> မီးပူပြား အပူလွန်ကဲနေပါက အပူချိန်ပြောင်းလဲမှုပြမီး မလင်းတော့ပါ။

6. အပူချိန်ပြောင်းလဲမှုပြမီး မှိတ်သွားသည်အထိ စောင့်ဆိုင်းပါ။ မီးပူကို အလျားအတိုင်း ကိုင်ထားပြီး ရေငွေ့/အခြောက် ရွေးချယ်ခလုတ်ကို အခြောက်နေရာတွင်ထားပါ။


7. မီးပူတိုက်ပြီးချိန်တိုင်း

အပူချိန်ကို သုံ့ညအမှတ်သို့ ပြန်ထားပါ။




(Taiwan)

1 ရေငွေ့၊ အခြောက် ရွေးချယ်ခလုတ်ကို အခြောက်နေရာတွင်ထားပါ။ မီးပူတိုက်ပြီးချိန်တိုင်း ရေငွေ့၊ အခြောက် ရွေးချယ်ခလုတ်သည် အခြောက် နေရာတွင်မရှိပါက ရေများသည် မီးပူပြားသို့ စိမ့်ဝင်သွားပြီး နောက်ထပ်တစ်ကြိမ်မီးပူတိုက်ရာတွင် မီးလောင်ကျွမ်းစေနိုင်ပါသည်။




2 မီးပူတိုက်ပြီးသည်နှင့်ချက်ချင်း ရေများကိုထုတ်ပစ်ပါ။ မီးပူထဲတွင် ရေများချန်ထားပြီး မသိမ်းဆည်းပါနှင့်။ မီးပူအေးသွားပြီး ရေများကိုထုတ်ပစ်ပြီးသောအခါ မီးပူကို အပူချိန် အမြင့်ဆုံးထား၍ ၅ မိနစ်ခန့် ပူအောင်ထားပါ။ (Taiwan: 亞麻).







- ပါဝါကြိုးကို မီးပူတစ်ဝိုက်မရစ်ပတ်ပါနှင့်။ မီးပူပြားနှင့် ထိမိ၍ ပါဝါကြိုးပျက်စီးနိုင်ပါသည်။


3 မီးပူကိုမသိမ်းဆည်းမီ အေးသွားအောင်ထားပါ။ မီးပူအပြားအား ပွတ်တိုက်မိခြင်း၊ အရောင်လွင့်ပြယ်ခြင်း သို့မဟုတ် စွန်းထင်းမှုမရှိစေရန် မီးပူကိုထောင်ထားပါ။





## ရေငွေ့၊ အခြောက် ရွေးချယ်ပုံ

| | ရေငွေ့၊ အခြောက် ရွေးချယ်ခြင်း | အပူချိန်ဇုန် | အကြံပြုချက် |
|---|---|---|---|
| အခြောက် |  | အဝတ်အမျိုးအစားပေါ် မူတည်ပြီး ရွေးချယ်ပါ | ပေါ်လီအက်စတာနှင့်အခြား ဓာတုရောစပ်အဝတ်စများ |
| ရေငွေ့ အနည်း |  |  | ရေငွေ့အနည်းငယ်သာလိုအပ်သော ပါးလွှာပြီး နူးညံ့ပျော့ပျောင်းသည့် အဝတ်များ |
| ရေငွေ့ အများ |  |  | ရေငွေ့များများလိုအပ်သော အဝတ်များ (ထူသော၊ ခေါက်ရိုး ကျိုးလွယ်သောအဝတ်များ) |



(Taiwan)

ရေငွေ့အများကို အသုံးပြုပါက အပူချိန်ကို အမြင့်ဆုံးနေရာတွင်ထားပါ။

**သတိပေးချက် –**
**ရေငွေ့ကို ခန္ဓာကိုယ်အစိတ်အပိုင်းများ သို့မဟုတ် အခြားအရာများသို့ ချိန်ရွယ်ပြီး မပစ်လွှတ်ပါနှင့်။**


> မှတ်ချက်
> - မီးပူပြား အပူချိန်လျော့ကျသွားပါက ရေငွေ့၊ရေစက်မကျသည့်စနစ် အသက်ဝင်လာပါလိမ့်မည်။ အပူချိန်ပြောင်းလဲမှုပြမီးသည် ဆက်လက်လင်းနေပြီး ရေငွေ့ထွက်ခြင်း ရပ်တန့်သွားပါလိမ့်မည်။ ဤသို့ဖြစ်လျှင် ကလစ် ဟူသောအသံကိုကြားရပါလိမ့်မည်။ အပူချိန်ပြောင်းလဲမှုပြမီး မှိတ်သွားမှသာ ဆက်လက်အသုံးပြုပါ။
> - ရေငွေ့မီးပူအသုံးပြုရာတွင် မီးပူတိုက်ခုံကို တွဲဖက်အသုံးပြုပါ။

## ရေငွေ့ပြင်းပြင်းအသုံးပြုပုံ

> ရေငွေ့ပြင်းပြင်းအသုံးပြုခြင်းသည် ရေငွေ့များ အဝတ်အတွင်းသို့ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ပြီး ခေါက်ရိုးကျိုးလွယ်သော အဝတ်များကို ပြန်လွယ်စေသည်။ ရေငွေ့ပြင်းပြင်းကို အချိန်အတန်ကြာအသုံးမပြုဘဲထားပြီးမှ ပြန်လည်အသုံးပြုမည်ဆိုပါက မီးပူအတွင်း ပိုင်းကို သန့်စင်အောင်ပြုလုပ်ရမည်။ ရေငွေ့ပြင်းပြင်းအသုံးပြုမှုကို မီးပူတိုက်မည့် အဝတ်များနှင့် မီးပူတိုက်ခုံတို့မှ ဝေးသောနေရာတွင် အကြိမ်ကြိမ်စမ်းသပ်သင့်သည်။ ဤသို့အားဖြင့် အဝတ်များ အညိုရောင်ထင်ခြင်း၊ ရေကွက်ထင်ခြင်းများမှ ရှောင်ရှား ပေးသည်။

**ရေငွေ့၊ အခြောက်ရွေးချယ်ခလုတ်ကို အခြောက်တွင်ထားပါ။**
**အပူချိန်ကို အမြင့်ဆုံးအမှတ်တွင် ထားပါ။**


ရေငွေ့ပြင်းပြင်းခလုတ်ကိုပုံမှန်အတိုင်းနှိပ်ပါ



- မီးပူစတိုက်သည့်အချိန်တိုင်း ရေငွေ့ပြင်းပြင်းခလုတ်ကို အကြိမ်ကြိမ်နှိပ်ပါ။
- ရေကွက်စွန်းထင်းခြင်းမှရှောင်ကြဉ်ရန် ရေငွေ့ပြင်းပြင်းခလုတ်နှိပ်သည့်အခါ ကြားတွင် ၂စက္ကန့်ခြားပါ။
- ရေငွေ့ပြင်းပြင်းအားနည်းသွားပါက အပူချိန်ပြောင်းလဲမှုပြမီးလင်းလာပြီး ပြန်မှိတ် သွားသည်အထိစောင့်ဆိုင်းပါ။
- လိုအပ်ပါက အဝတ်စအကြမ်းကို အသုံးပြုပါ။

## ရေငွေ့ဒေါင်လိုက်အသုံးပြုပုံ

ရေငွေ့ကိုဒေါင်လိုက်အသုံးပြုမည်ဆိုပါက ပိုမိုထိရောက်မှုရှိစေရန် အဝတ်ကို ချိတ်တွင်ချိတ်ဆွဲထားပါ။ ကန့်လန့်ကာအဝတ်နှင့် ခန်းဆီးစများကိုလည်း ချိတ်ဆွဲထားပါက ရေငွေ့လွှတ်၍မီးပူတိုက်နိုင်ပါသည်။ မီးပူကိုခန္ဓာကိုယ်နှင့်ခွာခွာထားကိုင်ပြီး အဝတ်နှင့်နီးကပ်စွာ (မထိပါနှင့်) ထား၍ အသုံးပြုပါ။အဝတ်စကို တင်းတင်းကိုင်ဆွဲထားပြီး တွန့်နေသော အဝတ်ပေါ်ရေငွေ့လွှတ်ခလုတ်ကို ၂စက္ကန့်ခြား နှိပ်ပါ။




- ရေငွေ့ပြင်းပြင်းအားနည်းသွားပါက အပူချိန်ပြောင်းလဲမှုပြမီးလင်းလာပြီး ပြန်မှိတ်သွားသည် အထိစောင့်ဆိုင်းပါ။

## ရေဖျန်းအသုံးပြုပုံ

ရေဖျန်းအသုံးပြုခြင်းသည် အလွန်တွန့်နေသောအဝတ်များ ပြန့်သွားအောင်နှင့် ရေစွတ်အား ပို၍လိုအပ်ပါက အသုံးပြုရန်ဖြစ်သည်။

**ရေဖျန်းခြင်းအား ရေငွေ့သို့မဟုတ် အခြောက်မီးပူတိုက်ခြင်းနှင့်အသုံးပြုနိုင်ပါသည်။ ဖျန်းလိုသောနေရာသို့ ရေဖျန်းခလုတ်ကို နှိပ်ပြီး ဖျန်းပက်နိုင်ပါသည်။**

- ရေဖျန်းပက်ရာတွင် ချက်ချင်းမထွက်ပါက ၎င်းရေထွက်သည်အထိ ခလုတ်ကိုအခါခါ နှိပ်ပါ။






## အီလက်ထရောနစ်အလိုအလျောက်ပိတ်စနစ် ၃ ခု (NI-S630 အတွက်သာ)

အလိုအလျောက်ပိတ်စနစ်သည် မီးကြိုးဖြုတ်ခြင်းကို အစားထိုးရန်အတွက် မရည်ရွယ်ပါ။ အလိုအလျောက်ပိတ်စနစ်သည် အပူချိန်ကို မည်သည့်နေရာတွင်ထားစေကာမူ သက်ရောက်မှုရှိသည်။

1. မီးပူသည် ၁ မိနစ်ခန့်ငြိမ်သက်သွားပါက မီးပူပြားအား အောက်သို့ကပ်ထားသည်ဖြစ်စေ၊ ထောင်ထားသည်ဖြစ်စေ အလိုအလျောက်ပိတ်သွားပါမည်။
2. မီးပူကို ၁၀ မိနစ်ခန့်ထောင်လျက်သားထားပါက အလိုအလျောက်ပိတ်သွားပါမည်။
3. မီးပူကို ဆက်လက်တိုက်မည်ဆိုပါက မီးပူကို ရွှေ့လိုက်ပါ။ မီးပူကို အလိုအလျောက်ပိတ်သည့် စနစ်တွင် ၁၀ မိနစ်ခန့်ထားမိပါက မီးပူပြန်လည်ပူလာစေရန် အပူချိန်ပြောင်းလဲမှုပြမီးမှိတ်သည် အထိထားပါ။



1 minute to " 0 " | 1 minute to " 0 " | 10 minutes to " 0 "


> မီးပူတိုက်ပြီးသည့်အခါတိုင်း ပလပ်ကိုဖြုတ်ပါ။ ပလပ်ဖြုတ်လိုက်သော်လည်း မီးပူ ဆက်လက်ပူနေပါဦးမည်။ မီးပူကို အဝတ်နှင့်ခွာခွာထားပြီး ထောင်ထားပါ။

## မီးပူအား သိမ်းဆည်းထားသိုဂရုစိုက်နည်း

### သန့်ရှင်းရေးပြုလုပ်ခြင်း


► ရေငွေ့ပြင်းပြင်းအသုံးပြုခြင်း

1. စာမျက်နှာ ၁၁ ရှိ မီးပူအားအသုံးပြုပုံ တွင် ဖော်ပြထားသည့်အတိုင်း ရေသိုလှောင်အကန့်တွင် ရေဖြည့်ပါ။
2. အပူချိန်ကို သုံညတွင် ထားပါ။




(Taiwan)

3. ဆော့ကက်ပေါက်သို့ ပလပ်ကိုထိုးပါ။
4. မီးပူကိုထောင်ထားပြီး အပူချိန်ကို အမြင့်ဆုံးအမှတ်သို့ထားပါ။




(Taiwan)

5. အပူချိန်ပြောင်းလဲမှုပြမီးရောင်မှိတ်သွားသည့်အခါ မီးပူကို အလျားလိုက်အနေအထား ကိုင်ထားပါ။
6. ရေငွေ့ပြင်းပြင်းခလုတ်ကို လျင်မြန်စွာ (၁စက္ကန့်တွင် ၃ကြိမ်အနည်းဆုံ) နှိပ်ပါ။ အကြိမ်ရေ ၂၀ မှ ၃၀ ခန့် ထိုသို့ပြုလုပ်ပါ။ ရေငွေ့များထွက်လာချိန်တွင် မီးပူကို ရှေ့တိုး၊ နောက်ဆုတ် လှုပ်ခါပါ။



7. အပူချိန်ကို သုံည အမှတ်တွင်ထားပါ။
8. ပလပ်ကိုဖြုတ်ပြီး ကျန်နေသောရေများကို ဖယ်ထုတ်ပါ။



9. မီးပူအပြားအား သံချေးတက်ခြင်းမှကာကွယ်ရန် ပလပ်ကို ဆော့ကက်ပေါက်သို့ထိုးပါ။ မီးပူကို ပုံမှန်အနေအထား ထားပါ။ အပူချိန်ကို အမြင့်ဆုံးသို့ ထားပါ။ ပြီးနောက် ၅ မိနစ်ခန့် ကြိုတင်၍ အပူပေးထားပါ။
10. အပူချိန်ကို သုံည အမှတ်သို့ထားပြီ ပလပ်ကိုဖြုတ်ပါ၊
11. မီးပူအပြားမှ မသန့်စင်သောအရာများဖယ်ရှားရန် အဝတ်ကြမ်းပေါ်တွင် တိုက်ချပါ။

- ရေငွေ့ထွက်ခြင်းအားမကောင်းလျှင် ထိုနည်းအတိုင်း ထပ်ခါထပ်ခါလုပ်ဆောင်ပါ။
- ထိုနည်းလမ်းအတိုင်း နှစ်ပတ်လျှင် တစ်ကြိမ်လုပ်ဆောင်ပါ။ အကယ်၍ရေထွက်ရန် အလွန်ခက်ခဲပါက (မီးပူပြားရှိရေငွေ့အပေါက်များ အညစ်အကြေးများနှင့်ပိတ်မိနေခြင်း) ဤနည်းလမ်းအတိုင်း မကြာခဏလုပ်ဆောင်ပေးပါ။
- မီးပူကိုထောင်၍အအေးခံပြီး စာမျက်နှာ ၁၂ တွင်ဖော်ပြထားသည့် အသုံးပြုပြီးတိုင်း လုပ်ဆောင်ရန် လမ်းညွှန်ချက်များကို လိုက်နာပါ။

**► သတ္တုချေးမတက်သည့်စနစ် (လေပေါက်များသန့်စင်နေခြင်း)**

ရေလှောင်ကန်တွင်ပါသော သတ္တုချေးမတက်သည့်စနစ်သည် မီးပူအတွင် အငွေ့ပြန် အခန်းထဲတွင် စုပုံလာသောချေးများကို လျှော့ချပေးသည်။
ဤစနစ်သည် ရေငွေ့အသုံးပြုခြင်းကို အချိန်ကြာမြင့်စွာ အသုံးပြုနိုင်အောင် စွမ်းဆောင်ပေးပြီး ရေငွေ့ထွက်ပေါက်များ ပိတ်ဆို့ခြင်းကို ကာကွယ်ပေးသည်။

## မီးပူအားထားသိုဂရုစိုက်ခြင်း

▶ မီးပူမျက်နှာပြင်

- ပလပ်ဖြုတ်ပြီး အအေးခံပြီးသောအခါ မျက်နှာပြင်အား မစိုတစို အဝတ်ဖြင့်သုတ်ပါ။ လိုအပ်ပါက ဆပ်ပြာမှုန့်အနည်းငယ်သုံးပါ။
- ရန့်ပြင်းသော၊ ထိရောက်မှုပြင်းသော သန့်စင်ဆေးများ အသုံးမပြုပါနှင့်။

▶ မီးပူပြား

- အဝတ်ကော်များနှင့်အခြားကပ်တွယ်ကျန်ရစ်သောချေးများကို မစိုတစိုအဝတ်နှင့် သုတ်၍သန့်စင်နိုင်သည်။ မျက်နှာပြင်အားမခြစ်မိစေရန် မီးပူပြားအားသန့်စင်ရာတွင် သတ္တုစများပါဝင်သောအဝတ်ကို အသုံးမပြုပါနှင့်။ မာကျောသောမျက်နှာပြင်ပေါ်တွင် မီးပူကို မတင်ပါနှင့်။
- မီးပူပြားပေါ်တွင်ကျန်နေခဲ့သောချေးများကို သန့်စင်ရန်အကောင်းဆုံးနည်းလမ်းမှာ မီးပူကို အပူပေးပြီးနောက် ချည်သားအဝတ်ကြမ်းပေါ်တွင် တိုက်ပေးခြင်းဖြစ်သည်။

**မှတ်ချက်**

မီးပူအတွင်းအား သန့်စင်ဆေးများဖြင့်သန့်ရှင်းရေးမလုပ်ပါနှင့်။ မီးပူအစိတ်အပိုင်းများ ပျက်စီးစေနိုင်ပါသည်။ မီးပူအား စတင်အသုံးပြုချိန်များတွင် အနံ့အချို့ထွက်နိုင်ပါသည်။ သို့သော် ၎င်းသည်သာမန်ဖြစ်စဉ်သာဖြစ်ပြီး အဝတ်များပေါ်သို့ အနံ့စွဲထင်မကျန်ရစ်ပေ။ မီးပူအတွင်း ရေငွေ့အသုံးပြုလျှင် ဆပ်ပြာရည်ကို အသုံးမပြုပါနှင့်။ မီးပူအစိတ်အပိုင်းများ ပျက်စီးစေနိုင်ပါသည်။



## အမေး/အဖြေ

| အမေး | | အဖြေ |
|---|---|---|
| မီးပူကို အသုံးပြုစဉ် သို့မဟုတ် လှုပ်ခါစဉ် ကလစ်ဟူသောအသံကို အဘယ်ကြောင့်ကြားရသနည်း။ | ▶ | ဤအသံများသည် မီးပူအတွင်းအစိတ်အပိုင်းများနှင့် ဖျန်းပက်ကိရိယာများအနည်းငယ် ရွေ့လျားခြင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤသို့ဖြစ်ခြင်းသည် သာမန်သာဖြစ်ပါသည်။ |
| အချို့အဝတ်များသည် မီးပူတိုက်လိုက်သောအခါ အဘယ်ကြောင့် အညိုရောင် သန်းသွားသနည်း။ | ▶ | အကယ်၍အဝတ်လျှော်ဆပ်ပြာသည် အဝတ်ပေါ်တွင် ကျန်နေပါက မီးပူတိုက်လိုက်သောအခါ အညိုရောင်သန်းသွားပါမည်။ |
| ရေငွေ့စနစ်အသုံးပြုရာတွင် ရေငွေ့ထွက်ပေါက်မှ အမှုန်များ အဖြူရောင်အမှုန့်များ ဘာကြောင့်ထွက်လာရသနည်း။ (အထူးသဖြင့် ရေငွေ့ပြင်းပြင်းလွှတ်သည့်အချိန်) | ▶ | အမှုန့်များသည် ဟိုက်ဒရိုဖိုင်းလစ်သို့မဟုတ် မသန့်စင်သောအရာများနှင့်သတ္တုများကြောင့် ဖြစ်သည်။ ဤအရာများသည် ဘေးဥပဒ်မဖြစ်စေဘဲ အဝတ်ဖြင့်သုတ်၍သန့်စင်နိုင်သည်။ |

## ချို့ယွင်းမှုအဖြေရှာခြင်း

| ချို့ယွင်းချက် | | အကြောင်းအရာ၊ အဖြေ |
|---|---|---|
| မပူခြင်း | ▶ | ဆော့ကက်ပေါက်သို့ ပလပ်တပ်ဆင်ထားမထား စစ်ဆေးပါ။ |
| ရေငွေ့ မထွက်ခြင်း | ▶ | ရေသိုလှောင်အကန့်တွင် အမြင့်ဆုံးအမှတ်အထိ ရေကိုဖြည့်ပါ |
| | ▶ | ရေငွေ့ အခြောက်ရွေးချယ်မှုခလုတ်ကို ရေငွေ့နေရာတွင်ထားပါ သို့မဟုတ် အပူချိန်ကို အမြင့်ဆုံးတွင်ထားပါ။ |
| | ▶ | ရေငွေ့အထွက်နည်းပါက ရေငွေ့ အခြောက်ခလုတ်ကို ထပ်ခါထပ်ခါ ရွှေ့ပါ။ ပြီးနောက် ရေငွေ့နေရာတွင် ပြန်ထားပါ။ |
| ရေငွေ့ အားနည်းခြင်း | ▶ | ရေငွေ့ပြင်းပြင်းခလုတ်သည် အားနည်းနေပါက ထိုခလုတ်ကို ထပ်ခါထပ်ခါ နှိပ်ပါ။ |
| | ▶ | မီးပူအားမတိုက်မီ အပူချိန်ပြောင်းလဲမှုပြမီး မှိတ်သည်အထိစောင့်ဆိုင်းပါ။ |
| | ▶ | အပူချိန်ကို အမြင့်ဆုံးအမှတ်တွင်ထားပါ။ |
| ရေဖျန်းမရခြင်း | ▶ | ရေဖျန်းခလုတ်ကို ထပ်ခါထပ်ခါနှိပ်ပါ။အ |
| | ▶ | ရေသိုလှောင်အကန့်တွင် အမြင့်ဆုံးအမှတ်အထိ ရေကိုဖြည့်ပါ |
| ရေငွေ့ ထွက်ပေါက်မှ ရေများ ယိုစိမ့်ခြင်း | ▶ | ရေငွေ့ပြင်းပြင်းကိုအသုံးပြုလျှင် ခလုတ်ကို ၂ စက္ကန့်ခြားနှိပ်ပါ |
| | ▶ | မီးပူအားမတိုက်မီ အပူချိန်ပြောင်းလဲမှုပြမီး မှိတ်သည်အထိစောင့်ဆိုင်းပါ။ |
| အဝတ်များ စွန်းထင်းခြင်း | ▶ | ရေသိုလှောင်ကန်မှရေများကို ဖယ်ရှားပြီး ရေသန့်ဖြင့်ပြန်လည်ဖြည့်ဆည်းပါ။ ၎င်းအတွင်း အမှုံအမွှားများ ကျန်နေရစ်တတ်ပါသည်။ |

## အသေးစိတ်အချက်အလက်များ

| မော်ဒယ် | NI-S630 | NI-S530 | NI-S430 |
|---|---|---|---|
| မီးအား (ထိုင်ဝမ်မှလွဲ၍) | 220-240 V ～ 50-60 Hz | | |
| မီးသုံးစွဲအား (ထိုင်ဝမ်မှလွဲ၍) | 2 000-2 400 W | | 1 930-2 300 W |
| မီးအား (ထိုင်ဝမ်) | - | 110 V ～ 60 Hz | - |
| မီးသုံးစွဲအား (ထိုင်ဝမ်) | - | 1 100 W | - |
| အလေးချိန် (ခန့်မှန်းခြေ) | 1.1 kg | | |
| အတိုင်းအတာ (ခန့်မှန်းခြေ) | 282 x 120 x 134 mm | | |

ဤမီးပူကို အိမ်တွင်းသုံးအတွက်သာ ရည်ရွယ်ပါသည်။